# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၀**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများ အတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အမည်ခံအဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့်ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၄ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၀**

PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်၍ ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးဗုံးသီးများမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာနေသူများဖြစ်ကြသည့် ဦးခင်မင်းဇော် (၅၈) နှစ်၊ ဦးစောထွန်း (၅၅) နှစ်၊ ဦးစိုးဇော်ဦး (၃၈)နှစ်၊ ဦးမြင့်ကို (၅၉)နှစ်နှင့် မဇူးရတနာကို (၃) နှစ်တို့ ငါးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီတွင် မတ္တရာမြို့နယ် လက္ကောင်းလေးကျေးရွာနေ ဦးသောင်းဌွေး (၅၃) နှစ်သည် ကျေးရွာ၏အရှေ့ဘက်ရှိ ချောင်း၌ ငါးဖမ်းရန်သွားစဉ် ကျေးရွာနှင့် သုံးဖာလုံခန့်အကွာ အရောက် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးသောင်းဌွေးတွင် ယာခြေသလုံးအောက်မှ ပြတ်ထွက်ဒဏ်ရာ တစ်ချက်ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဗုံးသီးကျရောက်ပေါက်ကွဲမှုနှင့် နင်းမိုင်း ပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့်နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဦးစောထွန်း (ဒဏ်ရာရ)



ဦးစိုးဇော်ဦး (ဒဏ်ရာရ)



ဦးမြင့်ကို (ဒဏ်ရာရ)



ဦးခင်မင်းဇော် (ဒဏ်ရာရ)



မဇူးရတနာကို (ဒဏ်ရာရ)



ဦးသောင်းဌွေး(ဒဏ်ရာရ)

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှုမှတ်တမ်းဓာတ်ပုံ။

## အမျိုးသမီးများကို တရုတ်ယောကျ်ားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၀**

အမျိုးသမီးများကို တရုတ်ယောကျ်ားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မဂူ(၂)ရပ်ကွက်နေ ပြည့်ဖြိုးကျော် (ခ) ကိုစိုင်းက ရှမ်းပြည်နယ် နောင်ချိုမြို့နေ မ-----၊ ၂၆/၂၀၂၅ နှစ်အား တရုတ်မယားအဖြစ် ခြောက်လလုပ်ကိုင်ပါက ယွမ် ၁၇၀၀၀ ပေးမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ နောင်တောင်းကျေးရွာရှိ တရုတ်ပွဲစားနေအိမ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့ လာရောက်ရန် စီစဉ်ပေးခဲ့ကြောင်း၊ ထို့နောက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နေ မ-----၊ ၂၂/၂၀၂၅ နှစ်အားလည်း တရုတ်ယောကျ်ားယူပြီး သုံး၊ လေးလ နေပြီးပါက ပြန်၍ရသည်ဟု လူမှုကွန်ရက် Tiktok မှတစ်ဆင့် စည်းရုံးပြောဆို၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ပွဲစားနေအိမ်မှတစ်ဆင့် တရုတ်နိုင်ငံသား ရှိကြီးဝေထံသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့လာရောက်ရန် ထပ်မံစီစဉ်ပေးခဲ့သည့်အပြင် ပြည့်ဖြိုးကျော်(ခ)ကိုစိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဆုလတ်(ခ)ကေကေမိုးနှင့် ရှမ်းပြည်နယ် မူဆယ်မြို့နေ သက်သက်အေးတို့နှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ မ----၊ ၂၈/၂၀၂၅ နှစ်အား တရုတ်မယားလုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ပေးမည်၊ တရားမဝင်သွားရောက်ရမည်၊ မိဘများထံ လာရောက်တောင်းယူပြီးပါက ငွေများပေးမည်၊ ခြောက်လ ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့ အလားတူပို့ဆောင်ပေးခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း (ပ)၂၄/၂၀၂၅ နှင့် (ပ)၂၅/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၃၅ နှင့် (ပ)၂၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၃၅/၄၄ တို့ဖြင့် အမှု သုံးမှု ရေးဖွင့်တရားစွဲတင်ခဲ့သည်။

မဟာအောင်မြေခရိုင်တရားရုံးက ဇွန် ၁၉ ရက်တွင် တရားခံပြည့်ဖြိုးကျော်(ခ) ကိုစိုင်းအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ ဆုလတ်(ခ)ကေကေမိုးနှင့် သက်သက်အေးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**